# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ
## [နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၃]
## ရန်ကုန်မြို့၊ ၁၃၅၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
## (၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

[ ပြင်ဆင် : 14.02.2018 ]

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **မူးယစ်ဆေးဝါး** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်-

(၁) ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မူးယစ် ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် အပင်တစ်မျိုးမျိုး၊ ယင်းအပင်တစ်မျိုးမျိုးမှ ထွက်ရှိသော သို့မဟုတ် ထုတ်လုပ်သော အရာဝတ္ထုများ၊ ဆေးဝါးများ၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် ဆေးဝါးများ၊ ယင်းဆေးဝါး တစ်မျိုးမျိုးပါဝင်သော အရာဝတ္ထုများ။

(ခ) **စိတ်ကိုပြောင်းလဲစေသောဆေးဝါး** ဆိုသည်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် ဆေးဝါးများကို ဆိုသည်၊

(ဂ) **ထုတ်လုပ်ခြင်း** ဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအဖြစ်သို့ ရောက်ရှိစေရန် အဆင့်ဆင့်ထုတ်လုပ်ခြင်း၊ ယင်းသို့ထုတ်လုပ်သော အရာဝတ္ထုကို ဓာတုပစ္စည်း သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်၍ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်း သို့မဟုတ် ပြင်ဆင်ပြုလုပ်ခြင်းကိုဆိုသည်၊

(ဃ) **လက်ဝယ်ထားခြင်း** ဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို လူတစ်ဦးဦး၏ ကိုယ်ခန္ဓာ၊ နေအိမ်၊ ဥပစာ၊ ယာဉ်၊ ပစ္စည်းတစ်ခုခု၌ ထားရှိခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုသူ၏ အစီအမံဖြင့် ထားရှိခြင်း၊ ထားရှိစေခြင်းလည်း ပါဝင်သည်၊

(င) **ဆေးဝါးသုံးစွဲသူ** ဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ဥပဒေနှင့် အညီ ခွင့်ပြုချက်မရှိဘဲ သုံးစွဲသူကို ဆိုသည်၊

Myanmar Law Information System (MLIS)

(စ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဆိုသည်၊

(ဆ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်၊

(ဇ) **လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေခြင်း** ဆိုသည်မှာသတ်မှတ်ဝတ်စုံဖြင့် ကြီးကြပ်သူ ရှေ့မှောက်၌ အများပြည်သူဆိုင်ရာနေရာများတွင် အများပြည်သူအကျိုးရှိစေသော လုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လမ်းတံတားများ ပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့်ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများဆောင်ရွက်စေခြင်း စသည့်လုပ်ငန်းများကို တရားရုံးအမိန့်ပါ ပြစ်ဒဏ်အတိုင်းကိုယ်တိုင်လုပ်အားဖြင့် အခမဲ့လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကိုဆိုသည်။

<ပြင်ဆင် 14.02.2018>

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူသားတို့အား အညွန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ ဘေးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် တားဆီးကာကွယ်ရန်၊

(ခ) မြန်မာနိုင်ငံကသဘောတူလက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများ တရားမဝင်သယ်ဆောင် ရောင်းဝယ်ခြင်းကိုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ ဘေးအန္တရာယ်ကို အသိပညာပေးရေးနှင့် ဆေးဝါးသုံးစွဲသူများအား ကုသပေးရေး၊ ပြန်လည်ထူထောင်ပေးရေးတို့အတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်ရန်၊

(ဃ) မူးယစ်ဆေးဝါးများ၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်စပ်လျဉ်းသည့် ပြစ်မှုကျူးလွန်သူများအား ပိုမိုထိရောက်သော ပြစ်ဒဏ်များ ချမှတ်ရန်၊

(င) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ နှင့်အညီ ပြည်တွင်းမူဘောင်များချမှတ်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများ သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်ထုတ်လုပ်ခြင်း တို့ကိုတားဆီး ကာကွယ်ရန် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသ ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်း ဆောင်ရွက်ရန်၊

(စ) ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကိုအသုံးပြု၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တိုက်ဖျက်နှိမ်နင်းရေးနှင့်တားဆီး ကာကွယ် ရေးကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ပေးရန်၊

Myanmar Law Information System (MLIS)

(ဆ) ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်မှုဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလုပ်ငန်းစဉ်များ၊ ရေတို၊ ရေရှည်စီမံကိန်းများနှင့်ရည်မှန်းချက် ပန်းတိုင်များချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် တရားမဝင်စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် ဆက်စပ်လျက်ရှိသည့် လူမှုစီးပွားရေးပြဿနာရပ်များအားဖြေရှင်းရန်။

<ပြင်ဆင် 14.02.2018>

## အခန်း(၃)

## ဗဟိုအဖွဲ့ဖွဲ့စည်းခြင်းနှင့် ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

၅။ ဗဟိုအဖွဲ့ကို ဖွဲ့စည်းရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာနနှင့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေရမည်၊

(ခ) ဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

<ပြင်ဆင် 14.02.2018>

၆။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ နှင့်ညှိနှိုင်းအကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊

(ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊

(ဂ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာ အဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

Myanmar Law Information System (MLIS)

(ဃ) သီးနှံများ အစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေယာများ ဖော်ထုတ် ပေးရေး၊ မြေယာချထားပေးရေး၊ အထောက်အကူပြု ပစ္စည်းများ ပံ့ပိုးပေးရေးနှင့် လိုအပ်သည့် အကူအညီများ ပေးရေးတို့အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(င) ဆေးဝါးသုံးစွဲသူများအား စာရင်းကောက်ယူ၍ ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေး လှုံ့ဆော်ရေးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာ သည့်အန္တရာယ်လျှော့ချပေးရေးတို့နှင့်စပ်လျဉ်း၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စ) ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့်စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံး လှုံ့ဆော်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သောကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန် သောလူနေမှုဘဝသို့ပြန်လည်ရောက်ရှိစေရန်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပြန်လည် ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊

(ဆ) ဗဟိုအဖွဲ့မှ ချမှတ်သော လုပ်ငန်းစဉ်များ စနစ်တကျနှင့် အောင်မြင်မှုရှိ မရှိစိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ လမ်း ညွှန်ခြင်း၊

(ဇ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို သတ်မှတ်ချက်နှင့်အညီဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း၊

(ဈ) ပယ်ဖျက်

(ည) ပယ်ဖျက်

(ဋ) ဤဥပဒေပါ ပြစ်မှုနှင့် သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို သက်ဆိုင်ရာ ရှာဖွေသိမ်း ဆည်းပိုင်ခွင့်ရှိသူများအား စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ပြုရန်နှင့် သက်သေခံပစ္စည်း သိမ်းဆည်းခွင့်ပြု ရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့် ညွှန်ကြား ခြင်း၊

(ဌ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပိုင်ရှင်မပေါ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများကို လိုအပ်သလိုစီမံခန့်ခွဲခြင်း၊

(ဍ) အစိုးရအဖွဲ့၏သဘောတူညီချက်နှင့်အညီ ဤဥပဒေအရ အရေးယူသော ပြစ်မှုနှင့်စပ်လျဉ်း၍ ဆုငွေချီးမြှင့် ရေးအတွက် လိုအပ်သလို ဆောင်ရွက်ခြင်း၊

(ဎ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများ၏ အခြေအနေကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံခြင်း၊

(ဏ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(တ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ လက်ဝယ်ထား ရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းဆိုင်ရာပြစ်မှုကျူးလွန်သူများ နှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့်ပြည်ပနိုင်ငံများ တရားခံလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များ ပေါ်ပေါက်လျှင် တရားခံ လွှဲပြောင်းရေးဥပဒေနှင့်အညီဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(ထ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ပြည်သူများ သိရှိနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန်ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဒ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ ကျန်းမာဖွံ့ဖြိုးသည့်လူမှုဘဝများ ဖြစ်လာစေရန်စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းကိုအားပေးကူညီခြင်းဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဓ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲမှုကြောင့်ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးများအား လူမှုရေးမီဒီယာများနှင့် အခြားသော သတင်းမီဒီယာများမှတစ်ဆင့် ကျောင်းအတွင်း၊ ကျောင်းပြင်ပနှင့် လုပ်ငန်းခွင်နေရာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့်အသိပေး ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(န) ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့်ဥပဒေအရ အကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများကိုထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန်ကြီးကြပ်လမ်းညွှန်ခြင်း၊

(ပ) တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသို့အသိပေး ရှင်းလင်းတင်ပြခြင်း။

<ပြင်ဆင် 14.02.2018>

## အခန်း(၄)

## လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာ အဖွဲ့များဖွဲ့စည်းခြင်း

၇။ ဗဟိုအဖွဲ့သည် အောက်ပါလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပေးပြီး ယင်းလုပ်ငန်းအဖွဲ့အသီးသီး၏ လုပ်ငန်းတာဝန် များကို သတ်မှတ်ပေးရမည်-

(က) တားဆီးနှိမ်နင်းရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့၊

(ခ) အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၊

(ဂ) သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့၊

(ဃ) မွေးမြူရေးအဖွဲ့၊

(င) ဆေးကုသရေးအဖွဲ့၊

(စ) ပြန်လည်ထူထောင်ရေးအဖွဲ့၊

(ဆ) ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊

(ဇ) ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးအဖွဲ့၊

Myanmar Law Information System (MLIS)

(ဈ) ထိန်းချုပ်ခါတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့၊

(ည) နိုင်ငံတကာဆက်ဆံရေးအဖွဲ့၊

(ဋ) လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ရေးအဖွဲ့။

<ပြင်ဆင် 14.02.2018>

၈။ ဗဟိုအဖွဲ့သည် အောက်ပါဒေသဆိုင်ရာ အဖွဲ့များသို့ ဖွဲ့စည်းပေးပြီး ယင်းဒေသဆိုင်ရာ အဖွဲ့အသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်-

(က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၊

(ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းရေး အထူးအဖွဲ့များ။

<ပြင်ဆင် 14.02.2018>

## အခန်း(၅)

## ဆေးဝါးသုံးစွဲသူကို ဆေးကုသပေးခြင်းနှင့်ပြန်လည်ထူထောင်ပေးခြင်း

<ပြင်ဆင် 14.02.2018>

၉။ (က) ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်သည့်ဌာန၊ ဂေဟာ သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရအသိအမှတ်ပြုဆေးကုသဌာန၊ ဂေဟာတွင်ဆေးကုသမှုခံယူရမည်၊

(ခ) ဆေးဝါးသုံးစွဲသူအား ဆေးကုသပေးရေးနှင့်ဆေးကုသမှုပြီးဆုံးပါက သက်ဆိုင်ရာပြုစုပျိုး ထောင်ရေးစခန်းသို့လွှဲပြောင်းပေးပို့ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လိုအပ် သော အစီအစဉ်များချမှတ်ဆောင်ရွက်ရမည်၊

(ဂ) ဆေးကုသခံယူသော ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဃ) ရဲတပ်ဖွဲ့ဝင်သည် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူအား ပဏာမဆေးစစ်ချက်ခံယူရန်နှင့် ဆေးဝါးသုံးစွဲကြောင်းစစ်ဆေးတွေ့ရှိပါက ဆေးကုသမှုခံယူနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနက သတ်မှတ်ထားသည့်ဌာန၊ ဂေဟာ သို့မဟုတ်ဤကိစ္စအလို့ငှာ အစိုးရကအသိ အမှတ်ပြုထားသည့် အနီးဆုံးဆေးကုသဌာန ဂေဟာသို့ဆောလျင်စွာပို့အပ်ရမည်၊

(င) သက်ဆိုင်ရာရဲအရာရှိသည် ပဏာမဆေးစစ်ချက်ခံယူရန်နှင့်ဆေးကုသမှုခံယူရန် ပျက်ကွက်သူအား စိစစ်ပြီးလိုအပ်ပါက ခံဝန်ချုပ် ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်ရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားရမည်၊

(စ) တရားရုံးသည်ပုဒ်မခွဲ (င) အရ လျှောက်ထားခြင်းခံရသူအားဆေးစစ်ချက်ခံယူနိုင်ရေးနှင့် ဆေးကုသမှုခံယူနိုင်စေရေးအတွက် သတ်မှတ်ချက်များ နှင့်အညီ ခံဝန်ချုပ်ချုပ်ဆိုစေသည့်အမိန့်ချမှတ်နိုင်သည်၊

Myanmar Law Information System (MLIS)

(ဆ) တရားရုံးသည် ဆေးဝါးသုံးစွဲသူက ပုဒ်မခွဲ(စ)အရချမှတ်သောအမိန့်နှင့်အညီ ခံဝန်ချုပ်ချုပ်ဆိုခြင်း မပြုလျှင်ဖြစ်စေ၊ ချမှတ်သော ခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ် ကိုဖောက်ဖျက်လျှင်ဖြစ်စေ ဆေးကု သမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဤကိစ္စအလို့ငှာဖွင့်လှစ်ထားသော သက်ဆိုင်ရာပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ခြောက်လပို့အပ်သည့် အမိန့်ချမှတ်ရမည်၊

(ဇ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် သက်ဆိုင်ရာပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ရောက် ရှိသောဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေး ကာလအတွင်း လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ယူကုသပေးရမည်၊

(ဈ) မည်သူမဆိုဆေးဝါးသုံးစွဲသူ သို့မဟုတ် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့သတင်း ပေးပို့အကြောင်းကြား နိုင်သည်။

<ပြင်ဆင် 14.02.2018>

၁၀။ ပယ်ဖျက်

<ပြင်ဆင် 14.02.2018>

## အခန်း(၆)

## ပြန်လည်ထူထောင်ခြင်း

၁၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဆေးဝါးသုံးစွဲသူများအား ပြုစုပျိုးထောင်ရေး၊ ပြန်လည်ထူထောင်ရေးတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ အောက်ပါ ကိစ္စများကို ဆောင်ရွက်ရမည်-

(က) ဆေးကုသမှုခံယူနေသူများနှင့် ၎င်းတို့အား မှီခိုနေသော မိသားစုများအား တတ်စွမ်းသမျှ ကူညီစောင့်ရှောက် ခြင်း၊

(ခ) ဆေးကုသမှု ခံယူပြီးသူများအား ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် ပြန်လည်ထူထောင်ပေးခြင်း၊ လိုအပ်သော အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း ပြန်လည်နေရာ ချထားပေးခြင်းနှင့် ဆက်လက်စောင့်ရှောက်ခြင်း၊

(ဂ) ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စနစ်တကျနှင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပုဂ္ဂိုလ်များအား ကျွမ်းကျင်မှုသင်တန်းများ ပေးခြင်း။

<ပြင်ဆင် 14.02.2018>

၁၁-က။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနများသည် ကာကွယ်ရေး၊ ကုသရေး၊ စောင့်ရှောက်ရေး၊ ပြန်လည် ထူထောင်ရေးနှင့် လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင်တည်ဆဲ ဥပဒေများနှင့် မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော

Myanmar Law Information System (MLIS)

ဆေးဝါးများတရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေး ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင်ပါဝင်သည့် ရည်ရွယ်ချက်များ၊ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေရေးကိုထည့်သွင်း စဉ်းစားဆောင်ရွက်ရမည်။

<ပြင်ဆင် 14.02.2018>

၁၂။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာနတို့သည် ပုဒ်မ ၁၅ အရလူမှုအကျိုးလုပ်ငန်း ဆောင်ရွက်စေသော ဆေးဝါးသုံးစွဲသူအား လိုအပ်ပါက ပြန်လည်ထူထောင်ရေးစခန်းသို့ ပြန်လည်ပို့ဆောင်ပေးခြင်းကိုသော်လည်းကောင်း၊ အသက်မွေးဝမ်း ကျောင်းပညာရပ်များ သင်ကြားပေးခြင်းကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

<ပြင်ဆင် 14.02.2018>

## အခန်း(၇)

## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း

၁၃။ ဤဥပဒေအရ အရေးယူသည့် အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်-

(က) ပြစ်မှုနှင့် သက်ဆိုင်သည့်မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါး၊ ငွေကြေး၊ ပစ္စည်း၊ ကိရိယာ များကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများအား လွှဲပြောင်းခြင်း၊ အသွင်ပြောင်းလဲခြင်းကြောင့် ရရှိသော ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊

(ဂ) ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများတွင်ရှိသော ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေး ကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊

(ဃ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် စပ်လျဉ်း၍ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်း၊

(င) ပြစ်မှုနှင့်သက်ဆိုင်သည့်မှတ်တမ်းများကို ဆက်သွယ်ရေးလုပ်ငန်းများထံမှ ကြည့်ရှုစစ်ဆေးခြင်း နှင့်မိတ္တူကူးယူခြင်း။

<ပြင်ဆင် 14.02.2018>

၁၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ဤဥပဒေအရ ပြစ်မှုနှင့် သက်ဆိုင်သော ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့က ထုတ်ဆင့်သော အမိန့်ရရှိလျှင်-

(က) ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် သက်သေခံပစ္စည်း သိမ်းဆည်း ခွင့်ပြုရမည်၊

(ခ) အရေးယူဆောင်ရွက်သည့် အမှုကိစ္စမပြီးပြတ်မီ ပြစ်မှုနှင့် သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်း များ၊ ငွေကြေးနှင့် ပစ္စည်းများအား မည်သူ့ကိုမျှထုတ်ပေးခြင်း၊ လွှဲပြောင်းပေးခြင်း၊ မပြုဘဲ သတ်မှတ်ချက်များ နှင့်အညီ ထိန်းသိမ်းထားရမည်။

Myanmar Law Information System (MLIS)

၁၄-က။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူပြစ်မှုနှင့်သက်ဆိုင်သော သတင်း အချက်အလက်မှတ်တမ်းများနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ကထုတ်ဆင့်သည့်အမိန့်ရရှိလျှင် ဆက်သွယ်ရေး လုပ်ငန်းများမှ တာဝန်ရှိသူသည်ပြစ်မှုနှင့်သက်ဆိုင်သောမှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် မိတ္တူ ကူးယူခြင်းတို့ကိုခွင့်ပြုရမည်။

<ပြင်ဆင် 14.02.2018>

## အခန်း (၇-က)

## လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေခြင်း

<ပြင်ဆင် 14.02.2018>

၁၅။ ဆေးဝါးသုံးစွဲသူသည် ပုဒ်မ ၉၊ ပုဒ်မခွဲ (ဆ) အရ ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည် ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းက ထုတ်ပြန် ထားသော ညွှန်ကြားချက်နှင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် လူမှုအကျိုးပြု လုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လမ်းတံတားများပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြီးကြပ်သူရှေ့မှောက်၌ နှိမ့်ချခြင်း၊ ခွဲခြားဆက်ဆံခြင်း သဘောမသက် ရောက်သည့် သတ်မှတ်ထားသောဝတ်စုံကို ဝတ်ဆင်လျက်တစ်ရက် ၂ နာရီဖြင့် အနည်းဆုံး နာရီ ၂၄၀ မှ အများဆုံးနာရီ ၃၆၀ အထိ ကိုယ်တိုင် လုပ်အား ဖြင့်အခမဲ့ လုပ်ကိုင်ဆောင်ရွက်ရမည်။

<ပြင်ဆင် 14.02.2018>

## အခန်း(၈)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၅။ ပယ်ဖျက်

<ပြင်ဆင် 14.02.2018>

၁၆။ မည်သူမဆို အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၅နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင် သည်-

(က) ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မူးယစ်ဆေးဝါး ဖြစ်သည်ဟု ကြေညာထားသည့် အပင်တစ်မျိုးမျိုးကို စိုက်ပျိုးခြင်း၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကို ပြောင်းလဲစေသောဆေးဝါးကိုထုတ်လုပ်ရာ၌ အသုံးပြုသည့်ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ဓာတု ပစ္စည်းများ သို့မဟုတ် ယင်းသို့ထုတ်လုပ်ရာ၌အသုံးပြုသည့် ဆက်စပ်ပစ္စည်း ကိရိယာများကို ဤဥပဒေ အရခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊

Myanmar Law Information System (MLIS)

(ဂ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊

(ဃ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ဥပဒေနှင့်အညီ ခွင့်ပြုချက်ဖြင့် လက်ဝယ်ထားရှိသူက ခွင့်ပြုချက်မရှိသူအား လွှဲပြောင်းပေးခြင်း၊

(င) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို အလွဲသုံးစွဲစေရန် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ လှည့်ဖြားခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အခြားတစ်နည်းနည်း ဖြင့် ပြုလုပ်ခြင်း၊

(စ) ဤဥပဒေအရ သိမ်းဆည်းထားသော သို့မဟုတ် ဝရမ်းကပ်ထားသော ပစ္စည်းကို အလွဲသုံးစားပြုခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖျက်ဆီးခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း။

<ပြင်ဆင် 14.02.2018>

၁၇။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူသည် ဤဥပဒေအရ ပြစ်မှုနှင့် သက်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များနှင့် စပ်လျဉ်း၍ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရ မည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်း မပြုနိုင်စေရန် စာရင်းလွှဲပြောင်းခြင်း၊ သက်ဆိုင်သည့် ငွေရေး ကြေးရေးဆိုင်ရာ မှတ်တမ်းများကို ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ (ဋ) အရ ဗဟိုအဖွဲ့က ထုတ်ဆင့်သော အမိန့်နှင့်အညီ ရှာဖွေသိမ်းဆည်း ပိုင်ခွင့်ရှိသူအား သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ သက်သေခံ ပစ္စည်းသိမ်းဆည်းခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများ၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထား သော ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များအား ဗဟိုအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာတရားရုံး၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းပေးခြင်း။

၁၇-က။ ဆက်သွယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူသည်ဗဟိုအဖွဲ့က ထုတ်ဆင့်သည့်အမိန့်ရရှိပြီးနောက် ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက် အလက်မှတ်တမ်းများနှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခြင်းနှင့် မိတ္တူကူးယူခြင်းတို့ကိုခွင့်ပြုရန်ငြင်းဆန်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ဗဟိုအဖွဲ့၏ခွင့်ပြုချက်မရရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းပေးခြင်း၊ ပြုလုပ်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ထိုသူအား အနည်းဆုံးသုံးနှစ်မှအများဆုံး ငါးနှစ်ထက်မပိုသောထောင်ဒဏ်ချမှတ်ရမည့်အပြင်ငွေဒဏ်လည်းချမှတ်နိုင်သည်။

<ပြင်ဆင် 14.02.2018>

၁၈။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ပိုင်ခွင့်ရှိသူသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်

Myanmar Law Information System (MLIS)

ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် လည်း ချမှတ်နိုင်သည်-

(က) မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေး၊ ပစ္စည်းတစ်စုံတစ်ရာကို တောင်းခံခြင်း၊ လက်ခံရယူခြင်း၊

(ခ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ဥပဒေနှင့်မညီဘဲ လက်ခံရယူခြင်း၊

(ဂ) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း၊ ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိမ်ချန် ခြင်း၊

(ဃ) ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ ရောစပ်ခြင်း၊ ပစ္စည်း၏ အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်ကို မမှန်မကန်ဖော်ပြခြင်း။

၁၉။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၁၀နှစ်မှ အများဆုံးနှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိချမှတ်ရမည်-

(က) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း။

(ခ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ရောင်းချရန် ကမ်းလှမ်းခြင်း၊ သဘောတူ ခြင်း သို့မဟုတ် ရောင်းဝယ်ရန် ဆက်သွယ်ခြင်း၊

(ဂ) ဤဥပဒေပါ ပြစ်မှုတစ်ခုခု ကျူးလွန်ရာမှရရှိလာသော ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များနှင့် စပ်လျဉ်း၍ အရေးယူခြင်း မပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊

(ဃ) ပြစ်မှုနှင့် သက်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် လွှဲပြောင်းခြင်း၊ အသွင်ပြောင်းလဲခြင်း။

၂၀။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၁၅ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိ ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်-

(က) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချ ခြင်း၊

(ခ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ ခြင်း၊ ယင်းသို့ တင်သွင်းခြင်း၊ တင်ပို့ခြင်း ပြုလုပ်ရန် ဆက်သွယ်ခြင်း။

၂၁။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေကြေးထောက်ပံ့ခြင်း ပြုလျှင်ဖြစ်စေ၊ ပြစ်မှုတစ်ခုခုကျူးလွန်ရာတွင် အားပေးကူညီခြင်း ပြုလျှင် ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၂၂။ ပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် အောက်ပါ အကြောင်း ခြင်းရာ တစ်ရပ်ရပ်ဖြင့် ကျူးလွန်ခြင်းဖြစ်လျှင် ပြစ်မှုကျူးလွန်သူသည် ထိုကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်း ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်-

Myanmar Law Information System (MLIS)

(က) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးမှုခင်းများ ကျူးလွန်သည့် ပြည်တွင်း ပြည်ပဂိုဏ်း၊ အုပ်စု၏ အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် ထိုဂိုဏ်း၊ အုပ်စုများနှင့် ဆက်သွယ်ပြီး ပါဝင်ကျူးလွန်ခြင်း၊

(ခ) လက်နက် သို့မဟုတ် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးပြု၍ ကျူးလွန်ခြင်း၊

(ဂ) ကျူးလွန်သည့် ပြစ်မှုတွင် အသက် ၁၆ နှစ် မပြည့်သေးသော ကလေးသူငယ်ကို အသုံးချခြင်း၊

(ဃ) ပြည်သူ့ဝန်ထမ်း၏ ရာထူးအရှိန်အဝါ သို့မဟုတ် လုပ်ပိုင်ခွင့်ကို အသုံးချ၍ ပြစ်မှုကျူးလွန်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်စေခြင်း။

၂၃။ ပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသူသည် ယခင်က ပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထား သော ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံခဲ့ရလျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံး ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

<ပြင်ဆင် 14.02.2018>

၂၄။ တရားရုံးသည်-

(က) ပုဒ်မ ၁၆မှ ပုဒ်မ ၂၁အထိ ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့်သက်ဆိုင် သည့် မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါး၊ ငွေကြေး၊ ကိရိယာ၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ ယာဉ်၊ တိရစ္ဆာန်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့် အမိန့်ချမှတ်ရမည်၊

(ခ) ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့် သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့် အမိန့်ချမှတ် ရမည်။

၂၅။ တရားရုံးသည်-

(က) ပုဒ်မ ၁၅ မှအပ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကိုကျူးလွန်တတ်သူ သို့မဟုတ် ကျူးလွန်ကြောင်း ကျော်ဇောသတင်းရှိသူအား သုံးနှစ်ထက်မပိုသော ကာလအတွင်း ကောင်းမွန်စွာနေထိုင်စေရန် ခံဝန်ချုပ် ချုပ်ဆိုစေရမည်၊

(ခ) ပုဒ်မခွဲ(က) အရ ချမှတ်သော ခံဝန်ချုပ်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ခံဝန်ချုပ် ချုပ်ဆိုစေရန် ချမှတ်သည့် အမိန့်နှင့်အညီ ခံဝန်ချုပ် မချုပ်ဆိုလျှင် ဖြစ်စေ ထိုသူအားထောင်ဒဏ် အနည်းဆုံး ၁ နှစ်မှ အများဆုံး ၃ နှစ်အထိ ချမှတ်ရမည်။

<ပြင်ဆင် 14.02.2018>

## အခန်း(၈-က)

## ရန်ပုံငွေထူထောင်ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း

<ပြင်ဆင် 14.02.2018>

Myanmar Law Information System (MLIS)

၂၅-က။ ဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်-

(က) ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေချထားပေးငွေနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့ အစည်းများ၊ ပြည်တွင်းပြည်ပမှစေတနာရှင်များက လှူဒါန်းသော ငွေကြေးများဖြင့် ရန်ပုံငွေထူထောင်နိုင်သည်။

(ခ) နိုင်ငံတော်က ထောက်ပံ့သောပစ္စည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်း များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များကလှူဒါန်းသောပစ္စည်းများကို လက်ခံ၍လုပ်ထုံးလုပ်နည်းများနှင့်အညီစီမံခန့်ခွဲနိုင်သည်။

<ပြင်ဆင် 14.02.2018>

၂၅-ခ။ ဗဟိုအဖွဲ့သည်-

(က) ပြည်ထောင်စုဘဏ္ဍာခွင့်ပြုငွေမှအပ ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ စေတနာ ရှင်များလှူဒါန်းထားသောပစ္စည်းများ စီမံခန့်ခွဲခြင်း နှင့်စပ်လျဉ်း၍လည်းကောင်း လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါရန်ပုံငွေမှ အရအသုံးဆိုင်ရာစာရင်းဇယားများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုထားရှိပြီး ပြည်ထောင်စုစာရင်းစစ် ချုပ်ရုံး၏ စစ်ဆေးခြင်းကိုခံယူရမည်။

<ပြင်ဆင် 14.02.2018>

၂၅-ဂ။ (က) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ပြစ်မှုနှင့်သက်ဆိုင်သည့်ငွေကြေး၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်းရမည်။

(ခ) ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဒ်မခွဲ (က) အရပေးသွင်းခဲ့သည့် ရန်ပုံငွေ၏ ရာခိုင်နှုန်းတစ်ရပ်ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်သည်။

<ပြင်ဆင် 14.02.2018>

## အခန်း(၉)

## အထွေထွေ

၂၆။ မည်သူမဆို အောက်ဖော်ပြပါ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ယင်းနှင့် ယှဉ်တွဲဖော်ပြထားသော အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်ဖြစ်စေ၊ ယင်းသတ်မှတ်ချက်ထက် ပို၍ဖြစ် စေ၊ လက်ဝယ်ထားလျှင် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည်ဟုလည်းကောင်း၊ သယ်ယူပို့ဆောင်ခြင်း၊

တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းဖြစ်လျှင် ရောင်းချရန်အလို့ငှာ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းဖြစ်သည်ဟု လည်းကောင်း မှတ်ယူရမည်-

(က) ဘိန်းဖြူ (ဟယ်ရိုးအင်း)ဖြစ်ပါက သုံး ဂရမ်၊

(ခ) မော်ဖင်းဖြစ်ပါက သုံး ဂရမ်၊

(ဂ) ပယ်ဖျက်

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ မူးယစ်ဆေးဝါးနှစ်မျိုးပေါင်းသည် သုံးဂရမ်၊

(င) ဘိန်းစိမ်း သို့မဟုတ် ပြုပြင်ထားသောဘိန်း သို့မဟုတ် ယင်းနှစ်ခုပေါင်း ဖြစ်ပါက တစ်ရာ ဂရမ်၊

(စ) ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်းဖြစ်ပါက တစ်ရာဂရမ်၊

(ဆ) ကိုကားရွက်ဖြစ်ပါက တစ်ရာဂရမ်၊

(ဇ) ကိုကင်းဖြစ်ပါက သုံး ဂရမ်၊

(ဇ-၁) စိတ်ကြွရူးသွပ်ဆေးဖြစ်ပါက သုံးဂရမ်၊

(ဇ-၂) မက်အက်ဖီတမင်း ဟိုက်ဒရိုကလိုရိုက် (အိုက်စ်) ဖြစ်ပါကသုံးဂရမ်၊

(ဇ-၃) အက်ဖီဒရင်း သို့မဟုတ်ဆူဒိုအက်ဖီဒရင်း ဖြစ်ပါကသုံးဂရမ်၊

(ဈ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအတွက် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော အလေးချိန်၊ ပမာဏ သို့မဟုတ် အရေ အတွက်။

<ပြင်ဆင် 14.02.2018>

၂၇။ ဗဟိုအဖွဲ့၏ရုံးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

<ပြင်ဆင် 14.02.2018>

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စများနှင့် မသက်ဆိုင်စေရ-

(က) သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး ထုတ်လုပ်ခြင်းနှင့် သုတေသနလုပ်ငန်းများ ပြုလုပ်ခြင်း၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးနှင့် စပ်လျဉ်း၍ ထုတ်လုပ်ရန်၊ သုတေသနပြုလုပ်ရန် သို့မဟုတ် ဆေးကုသရန်အလို့ငှာ သတ်မှတ် ထားသော နည်းလမ်းများနှင့်အညီ အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေး ပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပနှင့် ဆက်သွယ် လုပ်ကိုင်ခြင်း၊

(ဂ) သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ်ရ ဆရာဝန်တစ်ဦးဦး၏ ညွှန်ကြားချက်ဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ခွင့်ပြုထားသော မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း။

<ပြင်ဆင် 14.02.2018>

Myanmar Law Information System (MLIS)

၂၉။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့်သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 14.02.2018>

၃၁။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

Myanmar Law Information System (MLIS)